ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

**ကြံခင်းမြို့နယ်**

**၂၀၁၈ခုနှစ်** **ကလိုကွင်းအုပ်စု၊ပေတောကွက်သစ်ကျေးရွာ**

မာတိကာ


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါ ဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)


၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ


၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁။မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
ဧရာဝတီမြစ်
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ရခိုင် ပြည်နယ်
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၂။ကျေးရွာမြေပုံ(တည်နေရာ)




ကလိုကွင်းကျေးရွာအုပ်စုပြမြေပုံ

၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာများ စာရင်း

ကလိုကွင်းကျေးရွာအုပ်စုတွင်

၁။ကလိုကွင်း(ရှေ့)ကျေးရွာ

၂။ကလိုကွင်း(နောက်)ကျေးရွာ

၃။ကြို့ကုန်းကျေးရွာ

၄။ပန်းပင်ကုန်းကျေးရွာ

၅။မြောက်ကုန်းကျေးရွာ

၆။ညောင်ကုန်းကျေးရွာ

၇။ရေနံကျေးရွာ

၈။အင်းကောက်ကျေးရွာ

၉။ပေတောကျေးရွာ

**၁၀။ပေတောကွက်သစ်ကျေးရွာ**

၁၁။ကွင်းလှကျေးရွာ

၁၂။ဘိလပ်မြေ တို့ပါဝင်ပါသည်။

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

ပေတောကွက်သစ်ကျေးရွာသည်ဧရာဝတီတိုင်းဒေသကြီး၊ဟသ်ာတခရိုင်၊ကြံခင်းမြို့နယ်၊ကလိုကွင်းကျေးရွာအုပ်စု (၁၂) ရွာတွင် အပါအဝင်ဖြစ်ပါသည်။ ပေတေကွက်သစ်ာကျေးရွာသည် ကြံခင်း-ဘက်ရဲကတ္တရာလမ်းမကြီးဘေးတွင်တည်ဆောက်ထားသောရွာတန်းရှည်ရွာကလေးဖြစ်သည်။ပေတောကွက်သစ်ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ပြီးဗုဒ္ဓဘာသာကိုကိုးကွယ်ယုံကြည်ကြပြီးနတ်ကိုးကွယ်မှုအနည်းငယ်ရှိသည်။

ပေပင်များပေါများစွာပေါက်ရောက်ခဲ့သဖြင့်ပေတောဟုခေါ်တွင်ခဲ့ကြောင်းသိရှိခဲ့ရပါသည်။ပေတောကွက်သစ်ကျေးရွာတွင်လူဦးရေတိုးပွားလာသဖြင့်ရွာကိုတိုးချဲ့တည်ဆောက်ရာမှပေတောကွက်သစ်ဟုအမည်တွင်ခဲ့သည်။

ကျေးရွာတွင်နေထိုင်သူအများစုမှာလယ်ယာလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ဘိလပ်မြေစက်ရုံတွင်လည်းဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ကြသည်။ လယ်ယာမြေစိုက်ပျိုးရေးအတွက် နွေမိုးစိုက်ပျိုးနိုင်ရန် ကွန်ချောင်းဆည်တူးမြောင်းကြီးမှာကျေးရွာနံဘေးတွင် ရစ်ခွေစီးဆင်းလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းချိန်များတွင်ရေကြီးရေလျှံမှုများနှင့်ကြုံတွေ့ရပြီး ၂၀၀၈ခုနှစ်တွင်မာလာမုန်တိုင်းဒဏ်ကို ခံခဲ့ရသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | ၂၈.၉.၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | ၇ | ၇ | ၁၄ | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၈.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၁၀ | ၈ | ၁၈ | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဉစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၂၈.၉.၂၀၁၇ | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | ၁၀ | ၁၀ | ၂၀ | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၈.၉.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | ၁၀ | ၁၀ | ၂၀ | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | ၂၈.၉.၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများ | ၁၀ | ၁၀ | ၂၀ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ်အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | ၂၈.၉.၂၀၁၇ | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၀ | ၁၀ | ၂၀ | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | ၂၈.၉.၂၀၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၀ | ၈ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | ၂၈.၉.၂၁၁၇ | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | ၂၀ | ၈ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေးလုပ်ငန်းများ | ၂၈.၉.၂၁၁၇ | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊ တက် ရောက်သူအားလုံး | ၂၀ | ၈ | ၂၈ | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ



လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ

## လူမှုနှင့် သဘာဝ အရင်းမြစ်ပြမြေပုံ(ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း)

ပေတောကွက်သစ်ကျေးရွာသည် အိမ်ခြေ(၂၉)အိမ်ရှိပြီး ဗမာ၊ကရင်၊လူမျိုးစုရောမျှားနေထိုင်ကြသည်။ ဗုဒ္ဓဘာသာကိုကိုးကွယ်သည်။ကျေးရွာတွင်အခြေခံအဆောက်အဦအဖြစ်ကျေးရွာတွင်ဘုန်းတော်ကြီးကျေ ာင်းတစ်ခုသာတွေ့ရသည်။အသက်မွေးဝမ်းကျောင်းအတွက်လယ်ယာမြေများကိုတွေ့ရပြီးအဓိကလုပ်ကို င်ကြသည်။

အခြားလုပ်ငန်းများမှာ ပန်းရံ၊လက်သမား၊စက်ပြင်၊ဘိလပ်မြေစက်ရုံဝန်ထမ်း အလုပ်များကို လုပ်ကိုင်ကြသည်။

စိုက်ပျိုးရေးအတွက် ရေဖူလုံစွာရရှိရန် ကွန်ချောင်းဆည်မြောင်းမှ ရရှိသည်။ကြံခင်း−□□□□□ ကတ္တရာလမ်းမကြီးဘေးတွင်တည်ရှိသော်လည်း ရွာတွင်းလမ်းများမှာ မိုးရာသီတွင် ရေလျှံမှုကြောင့် ပျက်စီးသည်ကို တွေ့ရသည်။ကျေးရွာ၏မြောက်ပိုင်းမှာ ဆည်ရေမြောင်းက ပိုင်းခြားထားသဖြင့် ယာယီတံတားနှင့် ဖြတ်သန်းသွားလာနေရကြောင်းတွေ့ရသည်။

(ခ)ရာသီခွင်ပြ ပြက္ခဒိန်




ရာသီခွင်ပြ ပြက္ခဒိန်

ရာသီခွင်ပြ ပြက္ခဒိန်( ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

တပေါင်း၊တန်ခူးလများတွင်အလွန်ပူပြင်းပြီးကဆုန်၊နယုန်လများတွင်မိုးစတင်ရွာသွန်းကာဝါဆို၊ဝါခေါင်လ၊တော်သလင်း၊သီတင်းကျွတ်လများတွင် မိုးသည်းထန်စွာရွာသွန်းသည်။တန်ဆောင်မုန်းလတွင် ရံဖန်ရံခါမိုးရွာသွန်းလေ့ရှိသည်။နတ်တော်လ၊ပြာသို၊တပို့တွဲလတများတွင်ချမ်းအေးပြီးပူပြင်းသည်။

အလုပ်အကိုင်ရရှိမှုတွင်  စက်ရုံဝန်ထမ်း၊ပန်းရံ၊လက်သမားများသည် ရာသီတိုင်းတွင်အလုပ်အကိုင်များရှိပြီး  လယ်ယာလုပ်ငန်းခွင်မှာ ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် ထွန်ယက်စိုက်ပျိုးကြသည်။

သီတင်းကျွတ်၊တန်ဆောင်မုန်း၊နတ်တော်လများတွင် လယ်ယာလုပ်ငန်းခွင်ကို ရိတ်သိမ်းကြသည်။

ပြာသိုလ၊တပို့တွဲ၊တပေါင်းလများတွင်  မတ်ပဲ၊မြေပဲသီးနှံများကို   ရိတ်သိမ်းကြသည်။

ဝင်ငွေရရှိမှုတွင် အမျိုးသားများမှာ နွေမိုးဆောင်း သုံးရာသီလုံးတွင် တနေ့လျှင်ပျမ်းမျှ ၃၀၀၀ကျပ်နှုန်းရရှိကြသည်။အမျိုးသမီးများမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် တနေ့လျှင် ၄၀၀၀ကျပ်မှ ၆၀၀၀ အထိ ရရှိကြသည်။

နွေမိုးဆောင်းသုံးရာသီတွင်ရာသီအကူးအပြောင်းကာလများ၌တုပ်ကွေး၊သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားလေ့ရှိသည်။ကျန်ကာလများတွင် ကျန်းမာရေးကောင်းမွန်ကြသည်။


ပွဲတော်များမှာ တန်ခူးလ၊သီတင်းကျွတ်လ၊တန်ဆောင်မုန်းလများတွင် ရိုးရာပွဲတော်များဖြစ်သောရေသဘင်ပွဲ၊မီးထွန်းပွဲ၊ကထိန်ပွဲများကိုကျင်းပကြသည်။

သဘာဝဘေးအနေဖြင့်ရေကြီးရေလျှံမှုများကြုံတွေ့ရသည်။

ရွှေ့ပြောင်းလုပ်သားများမှာ တန်ခူးလနှင့် သီတင်းကျွတ်လတွင် ပြောင်းရွှေ့မှုများပြီး ကျန်လများတွင်မူ နည်းပါးသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ)ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာ ဓနအဆင့် သတ်မှတ်ခြင်း

ဥစ္စာဓနေ အဆင့်သတ်မှတ်ခြင်း(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် အိမ်ခြေ(၂၉ )အိမ်ခြေရှိသည့်အနက် ချမ်းသာသောအိမ်ခြေ(၁)အိမ်၊အသင့်အတင့်အိမ်ခြေ(၂၄) အိမ်ခြေ၊ မပြေလည်သောအိမ်ခြေအိမ်ခြေ(၄)အိမ် နှင့် နွမ်းပါးသော အိမ်ခြေမရှိကြောင်းတွေ့ရသည်။

နွမ်းပါးသောအိမ်ထောင်စုများမှာ ကျပန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။


ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရာတွင် နွမ်းပါးသော အုပ်စုများ၏ အခက်အခဲများ၊ လိုအပ်ချက်များနှင့် အားလပ်ချိန်ကို အလေးထား၍ ဆောင်ရွက်ခဲ့ပါသည်။

ပေတောကွက်သစ်ကျေးရွာသည် လျှပ်စစ်မီးရရှိပါက ကျေးရွာဖွံ့ဖြိုးရေးတိုးတက်လာနိုင်ကြောင်း

သုံးသပ်တွေ့ရှိရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ဃ)ပင့်ကူအိမ်သုံးသပ်ခြင်း




ပင့်ကူအိမ်သုံးသပ်ခြင်း ပြပုံ

ပင့်ကူအိမ်(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှု တို့တွင် အားသာမှုရှိကြောင်း တွေ့ရှိရပါသည်။

အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံမှုယုံကြည်မှုတို့တွင် အမျိုးသားများက သာလွန်ပြီး အမျိုးသမီးများ ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။


ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှုနှင့် အလုပ်ကိုင်ရှာဖွေမှုတို့တွင် အမျိုးသား၊အမျိုးသမီးကွာခြားချက်မှာ အနည်းငယ်သာရှိကြောင်းတွေ့ရသည်။


အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှု လုပ်ငန်းများဖြင့်သာ အချိန်ကုန်းမခံပဲ အခြားကဏ္ဍများ တွင်လည်း ပါဝင်နိုင်စေရန် ကြိုးပမ်းသင့်ကြောင်း သုံးသပ်မိပါသည်။

အမျိုးသမီးများသည်အိမ်တွင်းမှုများတွင်သာ အချိန်ကုန်နေရပြီး လုံခြုံမှုနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်း၊ဝင်ငွေရှာဖွေမှုနည်းပါးခြင်း၊အမျိုးသမီးများ အနေဖြင့် အခြားဝင်ငွေ ရရှိနိုင်ရန်အတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ မရှိခြင်း။ကျေးရွာတွင် အမျိုးသမီး များသီးသန့် အသိအညာပေးဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တူညီသောအလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င)အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု





အရင်းများအပေါ်ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှုပြပုံ


အရင်းများအပေါ် ထိန်းချုပ်မှုနှင့် ပိုင်ဆိုင်မှု၊ အသုံးပြုမှု(ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအား အမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင် ကြောင်းတွေ့ရှိရသည်။အပ်ချုပ်စက်ကိုသာအမျိုးသမီးများအသုံးပြုကြသည်ကိုသာတွေ့ရှိရသည်။လယ်ထွန်စက်၊ ထွန်၊ထယ်၊လှည်း ၊နွားများကိုသာအမျိုးသားများ သီးသန့်အသုံးပြုကြသည်။ဝါးခြံ၊လယ်၊ဝက်၊ ကိုင်း စသည့်အရင်းအမြစ်များကို အမျိုးသားများနှင့် အမျိုးသမီး များ နှစ်ဦးစလုံးအသုံးပြုကြသည်။ အမျိုးသားနှင့် အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ် များမှာ အလွန်ပင်များပြားသည်။အရင်းအမြစ်များထိန်းချုပ်ခြင်း ၊ ဆုံးဖြတ်ချက်များချရာတွင်အများအားဖြင့်အမျိုးသာများက သာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသာများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အဖွဲ့အစည်းချိတ်ဆက်ပြပုံ

အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း ကော်မတီအဖွဲ့၊ အမျိုးသား၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးရေးကို အဓိကဦးဆောင် လျက်ရှိသည်။


ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စု၊မြို့နယ်အုပ်ချုပ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် လျက်ရှိသည်။

လူထုဗဟိုပြုစီမံကိန်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်လည်း ကောင်း၊ ကျေးရွာမီးသတ်အဖွဲ့သည် မြို့နယ်မီးသတ်နှင့်လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့မှာဖွဲ့ စည်းထားသော်လည်း လှုပ်ရှားမှုအားနည်းနေကြောင်းတွေ့ရသည်။ကျေးရွာပရိတ်သင်းအဖွဲ့မှာဘာသာ ရေးလုပ်ငန်းများတွင် လှုပ်ရှားလျက်ရှိကြောင်းတွေ့ရသည်

အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အားနည်းကြောင်း သုံးသပ်မိပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ)ကျေးရွာ၏ အခက်အခဲများနှင့် ပြဿနာများ




အခက်အခဲပြဿနာများ

အခက်အခဲပြဿနာများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ခြင်း)

အမျိုးသားများ၊ အမျိုးသမီးအုပ်စုများမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကဖြစ်သော အခက်အခဲပြဿနာများကို တင်ပြရာ လျှပ်စစ်မီးမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ နွေရာသီတွင် သောက် သုံးရေ ခက်ခဲခြင်း၊ ပညာရေးအတွက်အလယ်တန်းကျောင်း၊အထက်တန်းကျောင်းမရှိခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးအတွက် ငွေကြေးအရင်းအနှီးမရှိခြင်း၊ လယ်ယာသုံးစက်ကရိယာမလုံလောက်ခြင်း၊ နေ့စဉ်ပုံမှန်ဝင်ငွေရရှိသော အလုပ်အကိုင်မရှိခြင်း၊ ရွာချင်းဆက်လမ်းများ မကောင်းခြင်း၊ တို့ဖြစ်ပါသည်။


အမျိုးသားအုပ်စုများ၏ အခက်အခဲများမှ လမ်းမကြီးတံတားမကောင်း၍ သွားလာရေးခက်ခဲခြင်း၊ ဆည်ကူးတံတားမကောင်းခြင်း တို့ဖြစ်ပါသည်။


အမျိုးသမီးများမှ တင်ပြသော အခက်အခဲပြဿနာများမှာ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမရှိခြင်း ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းများ မကောင်းခြင်း ၊ ကျေးရွာတွင် နွေရာသီ သောက်သုံးရေးအတွက် လူထုဗဟိုပြု စီမံကိန်းမှ ပထမနှစ်စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သောရေစင်မှ ကျေးရွာတွင်းသို့ ရေပိုက်ဖြင့်သွယ်တန်းခြင်းအတွက် ရံပုံငွေအခက်အခဲကိုလည်း တင်ပြ ဆွေးနွေးထားသည်။

ဖော်ပြပါသော အခက်အခဲပြဿနာများမှ ကျေးရွာဖွံ့ဖြိုးရေးကို အဓိက ဟန့်တားနှောင့်ယှက်နေသော အခက်အခဲပြဿနာများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ)ကျေးရွာ၏ မျှော်မှန်းချက်များ





မျှော်မှန်းချက်များ ပြပုံ


ကျေးရွာမျှော်မှန်းချက်များ(ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာလူထုအမျိုးသားများသည် ကျေးရွာတွင်သန့်ရှင်းသောသောက်ရေ ရရှိရန်၊လျှပ်စစ်မီး ရရှိရန်၊ရွာတွင်းရွာပြင်ကွန်ကရစ်လမ်းခင်းရန်၊အခြေခံပညာမူလတန်းကျောင်းရရှိရန်၊ကျေးရွာစည်းဝေး ခန်းမရရှိရန်၊အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ဆင်းရဲနွမ်းပါးမှုနှုန်းလျော့ချနိုင်ရန်၊ကျေးရွာစာ ကြည့်တိုက်ရှိလာရန် တို့ကိုမျှော်မှန်းထားကြပါသည်။

ကျေးရွာအမျိုးသမီးများသည် လျှပ်စစ်မီးရရှိရန်၊ဆေးပေးခန်းရှိလာရန်၊စာသင်ကျောင်း၊စာကြည့် တိုက်ရှိလာရန်၊ဆေးပေးခန်းရှိလာရန်၊ရွာလမ်းများကွန်ကရစ်လမ်း၊အလုပ်အကိုင်များရရှိစေချင်သည်။စို က်ပျိုးရေးအတွက်မျိုးစေ့များရစေချင်သည်။မွေးမြူရေးအတွက် နွား၊ကြက်၊ဝက်များ ပေးစေချင်သည်။ ကျေးရွာလူထုအမျိုးသား၊အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းဖော်ထုတ်ခဲ့ကြပါ သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ


ကျေးရွာအတွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ (ကျား)

ပဲတောရွာသစ် ၆.၁၂.၂၀၁၆

① ရေရရှိရေး (အုတ်စီရေတွင်း + ရေကန် + ရေစက် + ရေပိုက်)

② ရွာတွင်း၊ရွာပြင် ကွန်ကရစ်လမ်း

③ ရွာတွင်း ကွန်ကရစ်လမ်း (၄ပေအကျယ်ဘီးလမ်း)

④ ရွာပြင် ကွန်ကရစ်လမ်း

⑤ မွေးမြူရေးလုပ်ငန်း (ဝက်၊ကြက်၊နွား၊ဆိတ်)

⑥ စိုက်ပျိုးရေး (လယ်ယာစိုက်ပျိုးရေး)

ဖွံ့ဖြိုးရေးလုပ်ငန်း (မ)

(၁) စက်ရေတွင်း + ရေပိုက် + ရေကန် + ရေစက်

(၂) လျှပ်စစ်မီးလင်းရေး

(၃) မူလတန်းကျောင်း / မူကြိုကျောင်း ရရှိရေး

(၄) ဆေးပေးခန်း / ကျန်းမာရေး ဆောင်ရွက်မှု ရရှိရေး

(၅) ကွန်ကရစ်လမ်း ရရှိရေး

(၆) ငွေ ရင်းနှီးမြှုပ်နှံမှု / အသေးစားချေးငွေ ရရှိရေး

(၇) မျိုးစေ့များ ရရှိရေး

(၈) နွား၊ဝက်၊ကြက်၊ဘဲ၊ဆိတ် မွေးမြူရေး


ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပြပုံ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ (ဆန်းစစ်ခြင်းနှင့် သုံးသပ်ချက်)

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဖော်ထုတ်ကြရာတွင် အမျိုးသားများမှရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း၊ရွာတွင်း ရွာပြင်ကွန်ကရစ်လမ်း၊ရွာတွင်းကွန်ကရစ်ဘီးလမ်း၊မွေးမြူရေးလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်း တို့ကို ဖော်ထုတ်တင်ပြခဲ့ကြပါသည်။

အမျိုးသမီးများမှာလျှပ်စစ်မီးလင်းရေး၊မူလတန်း၊မူကြိုကျောင်းရရှိရန်၊ဆေးပေးခန်းရရှိရန်၊ကျန်းမာရေးစောင့်ရှောက်မှုရရန်၊ကွန်ကရစ်လမ်းရရန်၊အသေးစားချေးငွေရရှိရေး၊ငွေရင်းနှီးမြုပ်နှံမှုရရန်၊မျိုးစေ့များရရှိရေး၊နွားကြက်ဝက်မွေးမြူရေး  လုပ်ငန်းတို့ကို ရွေးချယ်ဖော်ထုတ်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း




ဖွံ့ဖြိုးရေးလုပ်ငန်းများ အဆင့်သတ်မှတ်ခြင်း

ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း

ပေတောရွာသစ်ကျေးရွာသည် ဦးစားပေးလုပ်ငန်းများရွေးချယ်ရာတွင် ဒုတိယနှစ်စက်ဝန်းတွင် ရေပေးဝေရေးလုပ်ငန်းကိုရရှိခဲ့သဖြင့် တတိယနှစ်စက်ဝန်းတွင်

(၁)ကွန်ကရစ်မီးတိုင်၊မီးကြိုး

(၂)ရွာတွင်းကွန်ကရစ်လမ်း၊(၃)ရွာပြင်ကွန်ကရစ်လမ်း၊(၄)ဆေးပေးခန်း၊(၅)မူကြိုကျောင်း၊

(၆)ရွာတွင်းရွာပြင်ကွန်ကရစ်လမ်းတို့ကိုရွေးချယ်ခဲ့ကြပါသည်။

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးဗားနှ် လှိုင် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-၂၅၀၄၃၁၀၁၃ | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ကေသီနိုင် | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု - ကာလိုကွင်း | ကျေးရွာ - ပေတောကွက်သစ် |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၆ | ဘာသာ (၁) ဗုဒ္ဓ | ၂၁ |
| လူမျိုးစု (၂) ရခိုင် | ၁ | ဘာသာ (၂) ဗုဒ္ဓ | ၁ |
| လူမျိုးစု (၃) ကရင် | ၄ | ဘာသာ (၃) ဗုဒ္ဓ | ၄ |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | - | - |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၁ | ဗုဒ္ဓ | ၄ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၄၈ | ၅၄ |
| လူမျိုးစု (၂) ကရင် | ၁ | ၃ |
| လူမျိုးစု (၃) ရခိုင် | ၁ | |
| အိမ်ထောင်ဦးစီး | ၂၃ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| …ှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း (circled) | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------၁၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ် (circled)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၁၅ မိနစ်----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ် (circled)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -[illegible]----------------

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | | မှတ်ချက်<br>[illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂.၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၁၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၁၅ မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --- [illegible]

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

ကျေးရွာခေါင်းဆောင် - ဦးဟန်လှိုင် | အမည် - ဦးဟန်လှိုင်

လက်မှတ် [signature] နေ့စွဲ 29.9.17

လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ကေသီနိုင်

လက်မှတ် Kay နေ့စွဲ 29.9.17

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဖြူသင်းနွယ် / ဦးကျော်ဇေယျာလင်း | | | |
| နေ့စွဲ - ၂၉.၇.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း - မကွေး | မြို့နယ် - ဆော | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ - [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၉.၇.၁၇ | ၂၉.၇.၁၇ | ၁၂ | ၈ | ၂၁ | ၆၅ \| ၂၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၉.၇.၁၇ | ၂၉.၇.၁၇ | ၁၂ | ၈ | | ၆၅ \| ၂၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | \| |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

*လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေသီခိုင် ၊ ဦးကျော်စေတ္တာလင်း | | | |
| နေ့စွဲ - ၃၀.၄.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု ကလိုင်ကွင်း | ကျေးရွာ ပေတော့ကွက်သစ် |

ကး အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်ရှားပါးခြင်း | ၁ | အလုပ်အကိုင်ရှားပါးခြင်း |
| ၂ | မူလတန်းကျောင်းနှင့်ဝေးကွာသော အခက်အခဲ | ၂ | မူလတန်းကျောင်းနှင့်ဝေးကွာသော အခက်အခဲ |
| ၃ | ဈေးမြို့ရေးအတွက်အကွာအဝေးသော အခက်အခဲ | ၃ | သွားလာရေးအတွက်လမ်းကြောင်း ရှိမှု အခက်အခဲ |
| ၄ | သန့်ရှင်းသောသောက်သုံးရေ မရရှိသော အခက်အခဲ | ၄ | သန့်ရှင်းသော သောက်သုံးရေ မရရှိသော အခက်အခဲ |
| ၅ | လျှပ်စစ်မီးမရှိသောကြောင့် လူငယ်များ စာရည် နိမ့်ကျသော အခက်အခဲ | ၅ | လျှပ်စစ်မီးမရှိသောကြောင့် လူငယ်များ စာရည် နိမ့်ကျသော အခက်အခဲ |
| ၆ | မိုးရာသီတွင် ရေကြီးသောအခက်အခဲ | ၆ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု |
| ၇ | စိုက်ပျိုးရေး မျိုးစေ့ မရရှိသော အခက်အခဲ | ၇ | ကျန်းမာရေးစောင့်ရှောက်မှု မရရှိသော အခက်အခဲ |

ခး မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဆင်းရဲနွမ်းပါးမှု လျော့ကျရန် | ၁ | သန့်ရှင်းသောသောက်ရေ ရရှိရန် |
| ၂ | တစ်ရွာလုံး လျှပ်စစ်မီးလင်းရန် | ၂ | တစ်ရွာလုံး လျှပ်စစ်မီးလင်းရန် |
| ၃ | မူလတန်းကျောင်းနှင့်ဆေးပေးခန်း ရှိလာစေခြင်း ချင်သည် | ၃ | မူလတန်းကျောင်း နှင့် ဆေးပေးခန်း ရှိလာစေခြင်း ချင်သည် |
| ၄ | စိုက်ပျိုးရေး မျိုးစေ့များ ရရှိစေချင်သည်။ | ၄ | ဈေးမြို့ရေးအတွက် ကြက်ဝက်ကား များ ရရှိချင်ပါသည်။ |
| ၅ | ကွန်ကရစ်လမ်း ဖြစ်ချင်ပါသည် | ၅ | ကွန်ကရစ်လမ်း ဖြစ်ချင်ပါသည်။ |
| ၆ | အလုပ်အကိုင်များ ရရှိချင်ပါသည်။ | ၆ | အလုပ်အကိုင်များ ရရှိချင်ပါသည်။ |
| ၇ | | ၇ | |

## လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကျောက်ခင်းခြင်း | ကျား | ၅၆ သိန်း | ၁၀၇ |
| ၂ | ရွာအပြင်လမ်းကျောက်ခင်းခြင်း | ကျား | ၃၂၆ သိန်း | ၁၀၇ |
| ၃ | ဆေးပေးခန်း | မ | ၅၀ သိန်း | ၁၀၇ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | နွား၊ကြက်၊ဝက် မွေးမြူခြင်း | ကျား + မ | အသက်မွေးဝမ်းကျောင်းကဏ္ဍ |
| ၂ | ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် | မ | ကျန်းမာရေး |
| ၃ | မျိုးစေ့ရရှိရန် | မ | အသက်မွေးကဏ္ဍ |
| ၄ | အသေးစားငွေချေးလုပ်ငန်း | ကျား+မ | အသက်မွေးကဏ္ဍ |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဟန်လှိုင်၊ ... လက်မှတ် ... နေ့စွဲ 24.4.17

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ကလိုကွင်းအုပ်စု၊ပေတောကွက်သစ်ကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ပေတောကွက်သစ်ကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၆.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ်နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

************************************************

ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ၊နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁။ | ရေရရှိရေး | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | မီးလင်းရေး(တိုင်၊ကြိုး) | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃။ | ကွန်ကရစ်လမ်း | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄။ | ဆေးပေးခန်း | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅။ | မူကြို၊မူလတန်းကျောင်း | မ | Sep-၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/စိုက်ပျိုးရေး | ၅။ | မျိုးစေ့ရရှိရေး | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | စိုက်/မွေးဝန်ကြီးဌာန |
| | | | | | | |
| | ၆။ | နွား၊ကြက်၊ဝက်မွေးမြူရေး | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | စိုက်/မွေးဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| | ၇။ | ကျန်းမာရေးစောင့်ရှောက်မှု | ကျား+မ | Sep-၂၀၁၇ | ကျေးရွာလူထု | ကျန်းမာရေးဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၈။ | အသေးစားငွေချေးလုပ်ငန်း | မ | Sep-၂၀၁၇ | ကျေးရွာလူထု | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |